# ကျန်းမာရေးအာမခံရှိလျှင် ကလေးများသည် စာသင်နှစ်အတွင်း ဖြစ်လာသမျှတိုင်းအတွက် အသင့်ပြင်ဆင်ပြီးသား ဖြစ်နေပါလိမ့်မည်။

ကျန်းမာရေးအာမခံရှိသော ကလေးများသည် ကျောင်းတွင် ထူးချွန်၍ ဘဝတွင် အောင်မြင်စေရန် ကောင်းစွာ ပြင်ဆင်နိုင်ပါသည်။ ကလေးငယ်များနှင့် ဆယ်ကျော်သက်များအတွက် အခမဲ့ သို့မဟုတ် စရိတ်နည်းသော ကျန်းမာရေးအာမခံကို Medicaid နှင့် CHIP က ပံ့ပိုးပေးလျက်ရှိပါသည်။ ကလေးများသည် ပုံမှန် ကျန်းမာရေးစစ်ဆေးမှုများ၊ ကာကွယ်ဆေးထိုးနှံခြင်းများ၊ ဆရာဝန်နှင့် သွားဆရာဝန်ပြသမှုများ၊ ဆေးရုံတွင် ကုသစောင့်ရှောက်မှု၊ စိတ်ကျန်းမာရေးဝန်ဆောင်မှုများ၊ ဆရာဝန်ဆေးညွှန်းများ၊ စသည်တို့ကို ခံစားခွင့် ရရှိနိုင်သည်။ စာရင်းသွင်းလျှောက်ထားခြင်းကို တစ်နှစ်ပတ်လုံး လက်ခံထားပါသည်။ ယခင်က သင်လျှောက်ထားဖူးသည့်တိုင် ယခုအချိန်တွင် အရည်အချင်းပြည့်မီနိုင်ပါသည်။ မိသားစုဝင်လေးဦးရှိသည့် $80,000* အထိ ဝင်ငွေရှိသော မိသားစုများ အရည်အချင်းပြည့်မီနိုင်ပါသည်။

သင့်မိသားစုအတွက် တတ်နိုင်လောက်သည့် ကျန်းမာရေးအာမခံအကြောင်းကို ပိုမိုသိရှိနိုင်ရန် **InsureKidsNow.gov** သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် **1-877-KIDS-NOW (543-7669)** သို့ ခေါ်ဆိုပါ။

InsureKidsNow.gov



*ဝင်ငွေအဆင့်များသည် ပြည်နယ်အလိုက် ကွာခြားနိုင်သည်။

**Paid for by the U.S. Department of Health and Human Services**

CMS Product No. 11667-BU
May 2024